# ACC Against COVID-19




## အစီအစဉ် (၇၂)

# “အထောက်အပံ့နဲ့ အဖြောင့်အမတ်”

တင်ပြသူ
**သိုက်စိုးထွန်း(နတ်ရှာ)**

ကပ်ရောဂါကာလမှာ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားတွေရဲ့ ရှန်းရကန်ရလှုပ်ရှားရပုံ တွေကို နိုင်ငံတော်အစိုးရက သိမြင်နားလည်ယုံမက ကိုယ်ချင်းလည်းစာမိကြပါတယ်။ ခက်ခဲကြပ်တည်းနေရှာသူတွေအတွက် အထောက်အပံ့ဖြစ်ပါစေတော့ဆိုပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်ဆိုတဲ့ အခြေခံစားကုန် ငါးမျိုး ထောက်ပံ့ပေးခဲ့သလို ငွေကျပ်တစ်သောင်းခွဲ၊ နောက် နှစ်သောင်းစသည့်အားဖြင့် အထောက်အပံ့တွေ ဆက်တိုက်ပံ့ပိုးပေးနေပါတယ်။



အထောက်အပံ့ပေးရတဲ့အခါ ထောက်ပံ့သင့်တဲ့အိမ်ထောင်စု စားရင်းကောက်ယူပြုစုရတဲ့ အလုပ်ရှိပါတယ်။ ဒါ အရေးအကြီးဆုံး အလုပ်ပါပဲ။ ရပ်ထဲရွာထဲမှာ ဘယ်သူဘယ်ဝါကတော့ဖြင့် ဘယ်လိုအခြေအနေရှိတယ်ဆိုတာကို အများအားဖြင့် သိကြပါတယ်။ မြို့ကြီးပြကြီးတွေမှာ နည်းနည်းအခက်အခဲရှိနိုင်ပေမယ့် နယ်မြို့တွေနဲ့ ကျေးရွာတွေမှာတော့ တစ်ယောက်အကြောင်း တစ်ယောက်သိနေကြပြီးသားပါ။ ဒီတော့ သာမန်အားဖြင့် စာရင်းကောက်ယူရာမှာ အလွဲအမှား အလွန်နည်းပါတယ်။ နည်းပေမယ့် လွဲတော့လွဲနိုင်သေးပါတယ်။



အထောက်အပံ့တွေတကယ်ပေးပြီဆိုတဲ့အချိန်ကျတော့ ပြဿနာလေးတွေနည်းနည်း ရှိလာပါတယ်။ "သူ့ကျတော့ရတယ်၊ ကိုယ့်ကျတော့မရဘူး။ သူ့ဆွေမျိုးတွေကျတော့ ရတယ်၊ ကိုယ့်လူတွေကျတော့မရဘူး။" ဒီလိုပြောကြဆိုကြတာတွေလည်းရှိပါတယ်။ ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးတွေနဲ့ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးတွေဆီမှာ မေးမြန်းမှုမျိုးစုံ၊ တိုင်တောမှုမျိုးစုံ ရောက်လာပါတယ်။ "ဟိုဘက်ရွာကစာရင်းလေးသိပါရစေ၊ ဒီဘက်ရွာကမအေးမိတို့ အိမ်ထောင်စုကို ဘာဖြစ်လို့မထည့်တာလဲ၊ မုဆိုးမဆိုတာမသိဘူးလား၊ ကျွန်မတို့ဆိုလဲ တစ်နေ့လုပ်မှတစ်နေ့ စားရတာကို မမြင်ကြဘူးလား"ဆိုတာမျိုးက ကားနဲ့တစ်ဖုံ၊ လှေနဲ့တစ်နည်း၊ ခြေလျင်တစ်သွယ်၊ ဆက်သွယ်ရေးကွန်ရက်ကတစ်ဖက်၊ ဖုန်းဆက်၍တစ်ဖန် အတန်တန်အလီလီ မကျေနပ်ချက်တွေကို စီကာပတ်ကုံးအလုံးစုံရင်ဖွင့်လာကြပါတယ်။






တစ်ချို့လည်း တကယ်ပေးသင့်ပေးထိုက်ပါလျက်နဲ့ စာရင်းကျန်သွားသူလေးတွေ ရှိပါတယ်။ အကြောင်းအား လျော်စွာကျန်ခဲ့ကြတယ်။ ဥပမာအားဖြင့်- အိမ်ထောင်စု စာရင်း မခွဲသေးတဲ့အပြင် အိုးခွဲအိမ်ခွဲမနေဘဲ တစ်အိမ်တည်း မှာ တစ်စီးပွားတည်းနေထိုင်လုပ်ကိုင်နေကြလို့ အိမ်ထောင်စု တစ်စုစာပဲ စာရင်းကောက်လိုက်တာမျိုး၊ စာရင်းဇယားကို အချိန်ယူမပြုစုဘဲ အမြန် ကောက်လိုက် မိလို့ တစ်ချို့တစ်လေ ကျန်သွားတာမျိုးတွေ ဖြစ်နိုင်ပါတယ်။ ဒီလိုလူတွေအတွက် အားနာရပါတယ်။



တစ်ချို့ကျတော့လည်း မရသင့်ပါဘဲနဲ့ ရချင်လိုချင်နေကြတာမျိုးပါ။ အထောက်အပံ့မရလို့ လာပြီး တိုင်တယ်တန်းတယ်ဆိုပေမယ့် လက်ကောက်တွေက တံတောင်ဆစ်လောက်အထိဝတ်လာတာမျိုး၊ လာပြီးရန်တွေ့နေလို့ သူ့အိမ်စီးပွားရေးအခြေအနေကို လှမ်းမေးကြည့် လိုက်တော့ နှစ်ထပ် တိုက်ကြီးနဲ့ နေတယ်ဆိုတာကို သိရတာမျိုး၊ ကားပိုင်၊ စက်ပိုင်၊ မြေယာအများကြီးပိုင်တဲ့လူက လာပြီး "ဒီအတော အတွင်းတော့ တို့လည်းကြပ်နေတာပဲဟေ့"ဆိုပြီး အတွန့်တက်တာမျိုး တွေလည်း အတော်များများ ရှိကြပါတယ်။ "ငါ့မပေးရင်တော့တိုင် မှာပဲ"ဆိုတာ မျိုးလည်း ရှိကြပါတယ်။



ဒီနေရာမှာ ဖြောင့်မတ်မှန်ကန်မှုက တကယ်ကိုအရေး
ကြီးပါတယ်။ စာရင်းပြုစုတဲ့သူ ကလည်း ရသမျှအချိန်
အတွင်းမှာ စာရင်းကို အမှန်ကန်ဆုံး၊ အသင့်တော်ဆုံး
ဖြစ်အောင် ရွေးချယ် ပြုစုကြဖို့၊ ထောက်ပံ့ချိန်မှာလည်း
ပွင့်လင်းမြင်သာစွာနဲ့ စာရင်းချပြပြီးပေးဝေကြဖို့
လိုပါတယ်။

“ဟိုဘက်အိမ်တော့ရတယ်၊ ငါတို့အိမ်ကျ မရဘူး။ အေး၊
ဒီတစ်ခါ ရပ်ရေးရွာရေးလိုအပ်ပြီ ဆိုရင်
ငါတို့ကိုလာမခေါ်နဲ့။ မောင်းတံဂိတ်မှာ
ကိုယ်ပူတိုင်းတာတွေဘာတွေ လုံးဝလာမခိုင်းနဲ့ ငါတို့
မလိုက်ဘူး။ နင်တို့အထောက်အပံ့ပေးထားသူတွေကိုပဲ
ခိုင်းကြ၊ သိလား” ဆိုတာမျိုးတွေလည်း ရှိလာပါတယ်






ဒီဒဏ်တွေမခံနိုင်တော့ တစ်ချို့ကျေးရွာတာဝန်ရှိသူတွေက လုပ်မိလုပ်ရာ လုပ်တတ်ကြ ပါတယ်။ ရသမျှကို တစ်ရွာလုံးမျှဝေလိုက်တယ်ဆိုတာမျိုးပါ။ ဒါကလည်း မမှန်ကန်တဲ့ ဖြေရှင်း နည်းပါ။ နိုင်ငံတော်ရဲ့ရည်ရွယ်ချက်ကိုက ပုံမှန်ဝင်ငွေမရှိတဲ့အခြေခံလူတန်းစား အိမ်ထောင်စု တွေကြုံနေရတဲ့ အခက်အခဲအကြပ်အတည်းကို လျော့ပါးသက်သာစေလိုတာဖြစ်ပါတယ်။



ဆူကြုံနိမ့်မြင့်မရွေး တစ်ပြေးတည်းပေး
ရမှာမဟုတ်ပါဘူး။ ဒီလိုလုပ်တာ တွေ့ရင်လည်း
စားဝတ်နေရေးချောင်လည်သူ တွေက
“ကျွန်တော်တို့အိမ်မပေးပါနဲ့ဗျာ၊ တကယ်ရသင့်
ရထိုက်တဲ့သူလေးတွေကိုသာ တိတိကျကျ
ထောက်ပံ့ပေးလိုက်ပါ”ဆိုတာမျိုးဖြစ်ရမှာပါ။
ဒီလိုဖြောင့်မတ်တည်ကြည်သူတွေလည်းရှိကြပါတယ်။
အဆင့်ဆင့်သော အုပ်ချုပ်ရေးတာဝန်ရှိသူတွေ ကလည်း
ဒီလိုပြဿနာတွေမဖြစ်ဖို့ တင်းတင်း ကြပ်ကြပ်
တားမြစ်ထိန်းကျောင်း ပေးနေကြပါတယ်။ ဒီကြားထဲက
လက်ကြားဆီယိုဖြစ်သွား တာမျိုးလေးတွေလည်း
ရှိတော့ရှိမှာပါပဲ။






ပြဿနာတွေများလွန်းလို့ဆိုပြီး ရသမျှ တစ်ရပ်လုံး၊ တစ်ရွာလုံးမျှ ပေးတာမျိုးက မမှန်သလို “တို့တစ်ရွာလုံးအခြေခံလူတန်းစားချည်းပဲ” ဆိုပြီး ရွာရှိလူကုန် စာရင်းတင်လိုက်တာမျိုးလည်း မလုပ်သင့်ဘူး။ ရသင့်တဲ့ သူမှန်သမျှ ရအောင်၊ မရသင့်တဲ့သူမှန်သမျှ မရအောင် ဝိုင်းထိန်းကြရမှာပါ။

ဖြောင့်မတ်တည်ကြည်မှုဆိုတာ ဒီနေရာမှာ တကယ်အရေးကြီးတာကို တွေ့ရပါတယ်။ စာရင်း ပြုစုတဲ့သူကလည်း တကယ့်ကိုဘက်မလိုက်ဘဲ ပြုစုရမှာပါ။ မရသင့်ဘဲ ချစ်လို့ပေးရင် ဆန္ဒာဂတိ၊ ရသင့်တဲ့သူကို မုန်းလို့စာရင်းချန်ခဲ့ရင် ဒေါသာဂတိ၊ မရသင့်တဲ့သူမှန်းသိပေမဲ့ ကြောက်လို့ ထည့်လိုက်ရင် ဘယာဂတိ၊ ရသင့်သလား၊ မရသင့်သလားမသိလို့ ရမ်းမှန်းပြီးထည့်လိုက်ရင် မောဟာဂတိပါ။ ငွေပေးငွေယူမှ အဂတိမဟုတ်ပါဘူး။ အဂတိလေးပါး တစ်ပါးပါးနဲ့ ငြိစွန်းတယ် ဆိုရင် မကောင်းတော့ပါဘူး။



ဒီနေရာမှ အလျင်းသင့်လို့ အထောက်အပံ့ပေးသူတွေရော ယူသူတွေပါ သတိပြုရမယ့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃ (က) ကို တင်ပြလိုပါတယ်-

"အဂတိလိုက်စားမှုဆိုသည်မှာ-

(၁) မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကိုပြုရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေ နှင့်အညီ ရထိုက်သော အခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန် အားထုတ်ခြင်း သို့မဟုတ် တစ်ဦး တစ်ယောက်ထံမှလက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန် အားထုတ်ခြင်း တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်း ဖြင့်ပြုလုပ်ခြင်း၊

(၂) မည်သူမဆို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ် စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်း ပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်း ပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း။




ပေးတဲ့ဘက်က ဖြောင့်မတ်ဖို့လိုသလို ယူတဲ့ဘက်ကလည်း
ဖြောင့်မတ်တည်ကြည်ဖို့ လိုပါတယ်။ အမှန်တကယ်လိုအပ်နေပါလျက်နဲ့
စာရင်းထဲမပါရင် ရိုးသားစွာနဲ့ အသိပေးပြီး စာရင်း အထည့်ခိုင်းရမှာပါ။
ကိုယ်ကအဆင်ပြေနေပါလျက်နဲ့ အထောက်အပံ့ရလာရင်လည်း
မရရှိရှာသူတွေကိုပေးနိုင်ဖို့ဆိုပြီး ပြန်အပ် ဝံ့တဲ့သတ္တိရှိရမှာပါ။
အထောက်အပံ့နဲ့ အဖြောင့်အမတ်၊ နှစ်ပြားရွှေ ဂဟေဆက်နိုင်အောင်
တတ်နိုင်သမျှ ဝိုင်းဝန်း ကြိုးပမ်းကြပါစို့။